မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910
E-mail : blcsan@ksc.th.com; Website : www. blc-burma.org

## ဥပဒေ စိုးမိုးရေး အခြေခံကို ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့် အညီတည်ဆောက်သော ထိုင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ဆိုင်ရာ တရားရုံးအား လေးစား အသိအမှတ်ပြုကြောင်း ထုတ်ပြန်ကြေငြာခြင်း

၁။ ထိုင်းနိုင်ငံတွင် အစိုးရနုတ်ထွက်ပေးရေးအတွက် ဆန္ဒပြမှုများ အရှိန်အဟုန်ကြီးလာသောအခါ ဥပဒေစိုးမိုးရေးကို တစုံတရာ ခြိမ်းခြောက်လာခဲ့သည်။ တဘက်တွင် လူထုဆန္ဒကို လေးစားလိုက်နာရမည့် ဒီမိုကရေစီအခြေခံကို ကျင့်သုံးမည်ဆိုလျှင် မဲဝယ်၍တက်လာသည်ဟု စွပ်စွဲခံရသောအစိုးရသည် နုတ်ထွက်ပေးရမည် ဖြစ်သည်။ ယင်းသို့ နုတ်ထွက်ပေးလိုက်မည် ဆိုပါလျှင်လည်း ဒီမိုကရေစီနည်းကျ လူထုဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်ခြင်းခံရသော တရားဝင်အစိုးရကို လူထုဆန္ဒပြပွဲနှင့် ဖြုတ်ချလိုက်ခြင်းဖြင့် ထိုင်းနိုင်ငံအတွက် ဥပဒေစိုးမိုးရေးအခြေခံပျက်စီးသွားမည်ဖြစ်ပြီး နောင်တက်လာမည့် အစိုးရတိုင်းသည် လူထုကရွေးချယ်တင်မြှောက်သော တရားဝင်အစိုးရ ဖြစ်စေဦး၊ ဆန္ဒပြပွဲဖြင့် ဖြုတ်ချခံရမည့်အန္တရာယ်ရှိနေသဖြင့် ဥပဒေစိုးမိုးရေး ပျက်သုဉ်းနေတော့မည်ဖြစ်သည်။ အကျိုးဆက်အနေဖြင့် ယခုအချိန်မှာပင် ထိုင်းနိုင်ငံ၏ စီးပွားရေးကို စတင်ထိခိုက်နေပြီးဖြစ်သည်။

၂။ ယနေ့ စက်တင်ဘာလ (၉) ရက်နေ့တွင် ဝန်ကြီးချုပ်ဆမတ်က စီးပွားရေးလုပ်ငန်းတခုနှင့် ဆက်စပ်၍ ရုပ်မြင်သံကြားတွင် ချက်ပြုတ်ပြသည့်ကိစ္စရပ်ကို အကြောင်းပြုကာ ထိုင်းနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးက ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၆၅ နှင့် ၂၆၇ တို့ကို ကိုးကားလျှက် ဝန်ကြီးချုပ်၏ လုပ်ဆောင်ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖေါက်ဖျက်ကြောင်းဖြင့် ဆုံးဖြတ်ချက်ချလိုက်ပြီးဖြစ်သည်။ ယင်း၏ အကျိုးဆက်အနေဖြင့် ဝန်ကြီးချုပ် ဆမတ်ရော၊ ထိုင်းအစိုးရတဖွဲ့လုံးပါ နုတ်ထွက်ရတော့မည် ဖြစ်ပါသည်။ ဤသည်မှာ ထိုင်းနိုင်ငံ၏ ဖြေရှင်းရန်ခက်ခဲလှသော နိုင်ငံရေးအကြပ်အတည်းပြေလည်စေရန် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးက တနည်းတလမ်း အထောက်အပံ့ပြုလိုက်ခြင်း ဖြစ်သည်။ အစိုးရအပါအဝင် အုပ်ချုပ်ရေးအာဏာပိုင်များသည် တရားရုံး၏ အခွင့်အာဏာကို လေးစားလိုက်နာရသည် ဟူသည်ကို သက်သေပြလိုက်ခြင်းလည်းဖြစ်သည်။ စတင်ထိခိုက်လာပြီဖြစ်သော ဥပဒေစိုးမိုးရေးအခြေခံကို ပြန်လည်တည့်မတ်ပေးရန် ကြိုးပမ်းလိုက်ခြင်းလည်းဖြစ်သည်။

၃။ မြန်မာနိုင်ငံတွင်လည်း ထိုင်းနိုင်ငံကဲ့သို့ပင် လွတ်လပ်အားကောင်းသော တရားစီရင်ရေးစနစ် ပေါ်ပေါက်လာရန်၊ ယင်းသို့ လွတ်လပ်အားကောင်းသော တရားစီရင်ရေးစနစ်တည်ထောင်မှုကို အာမခံမည့် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တရပ် ပေါ်ပေါက်လာရေးအတွက် နိုင်ငံသားအားလုံးဝိုင်းဝန်း ကြိုးပမ်းသွားကြရန်၊ တရားစီရင်ရေးစနစ် တရပ်လုံး အုပ်ချုပ်ရေးအာဏာပိုင်များ၏ လက်အောက်တွင် ထားရှိကျင့်သုံးထားသည့် နအဖ ၂၀၀၈ ခုနှစ် နာဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်တိုက်ဖျက်သွားကြရန် ပန်ကြားအပ်ပါသည်။

မြန်မာနိုင်ငံ ရှေ့နေများကောင်စီ

စက်တင်ဘာ (၉) ရက် ၂၀၀၈ ခုနှစ်

အသေးစိပ် သိလိုပါလျှင်
ဦးအောင်ထူး၊ အထွေထွေ အတွင်းရေးမှူး သို့ ဆက်သွယ်ရန်–
ဖုံး ၆၆– (၀) ၈၁ ၅၃၃ ၀၆၀၅